COMRACK

# အခန်းအတွင်းရှိ နေ၏ ပိုးသတ်စွမ်းအားဖြင့် ကူးစက်ရောဂါအန္တရာယ်မှ ခရမ်းလွန်ရောင်ခြည်က သင့်ကို ကာကွယ်ပေးမည်

## ခရမ်းလွန်ရောင်ခြည် ပိုးသတ်စက်

# UVC Air Clean Manager®

ခရမ်းလွန်ရောင်ခြည်ပိုးသတ်စက်"UVC Air Clean Manager® "သည် အခန်းတွင်း အသုံးပြု UVGI စနစ်ကို ထိရောက်မှုကောင်းမွန်စွာ လက်တွေ့လုပ်ဆောင်ထားသော လေထုအတွင်းရောဂါကူးစက်မှုထိန်းချုပ်ရေးကိရိယာဖြစ်သည်။



**ပိုက်နှင့် ပါဝါစွမ်းအင် ထောက်ပံ့ရန် မလိုပါ**

နံရံနှင့်မျက်နှာကျက်တွင် တပ်ဆင်ရန်လွယ်ကူသည်

**လုံခြုံစိတ်ချရခြင်း**

လူ့ခန္ဓာကိုယ်အား အန္တရာယ်မရှိသောဖွဲ့စည်းပုံ

**အံ့သြဖွယ်ကောင်းသောပိုးသတ်စွမ်းရည်**

ဗိုင်းရပ်စ်ဖယ်ရှားမှုနှုန်း 99.99%

**24 နာရီပိုးသတ်ခြင်း**

လူနေမှုပတ်ဝန်းကျင်တွင် စဉ်ဆက်မပြတ်အသုံးပြုနိုင်သည်

**ထိန်းသိမ်းမှု အခမဲ့**

6 လ

**UVGI**

Ultra Violet Germicidal Irradiation

အမေရိကန်ပြည်ထောင်စု CDCမှအသိအမှတ်ပြုထောက်ခံချက်ရရှိထားပြီးဖြစ်သည်

UVGI ဆိုသည်မှာ "Ultra Violet Germicidal Irradiation" ခရမ်းလွန်ရောင်ခြည်များဖြင့် ပိုးသတ်ခြင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် နျူကလိယထဲသို့ စိမ့်ဝင်ပြီး ဓာတုဗေဒပြောင်းလဲမှုပြုလုပ်ခဲ့သော DNA သည် မျိုးပွားသည့်လုပ်ဆောင်ချက်ပျောက်ဆုံးကာ ဘက်တီးရီးယားမျိုးကွဲများနှင့်ဗိုင်းရပ်စ်များမှာ မတိုးပွားလာနိုင်တော့ဘဲ သေဆုံးသွားပါမည်။ DNA ကိုဖျက်ဆီးသည့်အတွက် ခံနိုင်ရည်ရှိသောဘက်တီးရီးယားများမဖန်တီးခြင်းဟူသည့် ကြီးမားသောအကျိုးကျေးဇူးရှိသော ပိုးသတ်သည့်နည်းလမ်းဖြစ်သည်။

CDC (အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာ) သည် 1946 ခုနှစ်တွင်စတင်တည်ထောင်ခဲ့သော အမေရိကန်ပြည်ထောင်စုကျန်းမာရေးနှင့် လူမှုဖူလုံရေးသုတေသနဌာန၏ ကူးစက်ရောဂါထိန်းချုပ်ရေးပေါင်းစပ်သုတေသနဌာနဖြစ်ပြီး WHO (ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း) နှင့်အတူ ကမ္ဘာတဝှမ်းရှိ ကူးစက်ရောဂါများကို ကိုင်တွယ်ဖြေရှင်းနေသော အထူးအဖွဲ့အစည်းတစ်ခုဖြစ်သည်။ CDC မှအကြံပြုချက်များသည် လက်ရှိသိပ္ပံနည်းကျ အချက်အလက်များ၊ ကျိုးကြောင်းဆီလျော်သောအခြေခံအုတ်မြစ်အပေါ်မူတည်၍ အမျိုးအစားခွဲခြားထားပြီး တတ်နိုင်သ၍ သိပ္ပံနည်းကျအခြေခံအုတ်မြစ်အပေါ်အခြေခံ၍ ဖန်တီးထားသည့်အတွက် ကမ္ဘာ့စံချိန်စံညွှန်းအဖြစ် သတ်မှတ်ရန် လုံလောက်သည့်သြဇာလွှမ်းမိုးမှုရှိပါသည်။ CDC မှထုတ်ပြန်သော "ဆေးဘက်ဆိုင်ရာဌာနရှိ ပတ်ဝန်းကျင် ကူးစက်မှုထိန်းချုပ်ရေးအတွက် ထောက်ခံချက်" အခန်း 2 တွင်" အသုံးပြုမှုကိုထောက်ခံချက်ပေးပြီး အကြံပေးဆေးသုတေသနဌာန၊ ကူးစက်ရောဂါပြန့်ပွားမှုသုတေသနဌာန သို့မဟုတ် ကျိုးကြောင်းဆီလျော်သောအခြေခံအုတ်မြစ်များမှ ထောက်ပံ့ပေးသောက်စ္စရပ်"အဖြစ် UVGI၏ အသုံးပြုမှုနှင့်ပတ်သက်၍ ဖော်ပြထားခြင်းရှိပါသည်။UVGI ကို အမေရိကန်နှင့် ဥရောပတို့တွင် ပိုးသတ်ခြင်းထိရောက်မှုရှိကြောင်း အသိအမှတ်ပြုထားသည်။ နယ်ပယ်အမျိုးမျိုးတွင်အသုံးပြုလျက်ရှိပြီး "ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများ၏ တီဘီရောဂါပိုးကူးစက်မှုကာကွယ်တားဆီးရန် CDC လမ်းညွှန်ချက်"သည် လေထုထဲတွင်ကူးစက်ခြင်း၏ အရေးကြီးသောအချက်ဖြစ်သည်။ ဤဂျပန်ဗားရှင်းတွင် အမျိုးမျိုးသောတိုင်းတာမှုအချက်အလက်များနှင့် ခရမ်းလွန်ရောင်ခြည်ပိုးသတ်စက်အကြောင်းကို ရေးသားဖော်ပြထားသည်။

COMRACK
株式会社 コムラック

COMRACK

# ခရမ်းလွန်ရောင်ခြည်ပိုးသတ်ထားသော လေထုတွင် လုံခြုံစိတ်ချရသောပတ်ဝန်းကျင်ကို ပေးစွမ်းလျက်ရှိပါသည်

## ခရမ်းလွန်ရောင်ခြည်ပိုးသတ်စက်"UVC Air Clean Manager® " ပိုးသတ်ခြင်းထိရောက်မှုနှင့် အခြားပိုင်းရပ်စ်ဖယ်ရှားရေး လုပ်ဆောင်ချက်အကဲဖြတ်မှုစမ်းသပ်ခြင်း

ခရမ်းလွန်ရောင်ခြည်ပိုးသတ်စက်"UVC Air Clean Manager® "သည်
ပိုးသတ်ခြင်းထိရောက်မှုမြင့်မားသည့် "UV-C " မီးအိမ်ကို အသုံးပြုလျက်ရှိပါသည်။

- ■ ဘက်တီးရီးယားပိုးအမျိုးအစား၊ ဗိုင်းရပ်ပိုးအားလုံးအပေါ်တွင် ထိရောက်မှုရှိခြင်း (※1)
- ■ ခံနိုင်ရည်ရှိသောဘက်တီးရီးယားများ မဖန်တီးခြင်း (※2)
- ■ အခန်းအပူချိန်တွင် ပိုးသတ်ခြင်း

စသည့် ခရမ်းလွန်ရောင်ခြည်၏ ထူးကဲသော ပိုးသတ်နိုင်စွမ်းရှိသည်။

※1　မျိုးရိုးဗီဇနှင့် DNA ရှိသောပိုးတိုင်းကို သေဆုံးစေသည်။

※2　ခရမ်းလွန်ရောင်ခြည်အား ခံနိုင်ရည်ရှိသော ဘက်တီးရီးယားပိုးများကို မဖန်တီးပါ။




| ယူနစ်pfu | အခြားဗိုင်းရပ်စ် | | |
|---|---|---|---|
| ဖြန်းပြီးနောက် (မိနစ်) | စမ်းသပ်သည့်စက် မလည်ပတ်ခြင်း | စမ်းသပ်သည့်စက် လည်ပတ်ခြင်း | ဖယ်ရှားမှုနှုန်း |
| 0 | $1.3 \times 10^6$ | $1.3 \times 10^6$ | — |
| 15 | $1.2 \times 10^6$ | $6.0 \times 10^4$ | 95.0 |
| 30 | $1.1 \times 10^6$ | $3.0 \times 10^3$ | 99.73 |
| 45 | $1.0 \times 10^6$ | $5.0 \times 10^2$ | 99.95 |
| 60 | $9.4 \times 10^5$ | $1.9 \times 10^2$ | 99.98 |
| 90 | $8.4 \times 10^5$ | $1.8 \times 10^2$ | 99.99 |

ရလဒ်：အခြားတုပ်ကွေးဗိုင်းရပ်စ်
ဇယား：သတ္တုပြားဖြစ်ပေါ်လာသည့်အရေအတွက်
(plaque formation unit, pfu) /10 Liter air

## ဘက်တီးရီးယားပိုးမျိုးကွဲများ အားလုံးအပေါ်တွင် ထိရောက်မှုရှိသည်။ ခံနိုင်ရည်ရှိသော ဘက်တီးရီးယားပိုးများကို မဖန်တီးပါ!

ယခင်ပိုးသတ်မီးချောင်းများသည် ခရမ်းလွန်ရောင်ခြည်အား လူ့အသားအရေသို့ တိုက်ရိုက်ထိစေသောကြောင့် လူမရှိသော အချိန်မှသာလျှင် သုံးစွဲနိုင်သည်။ UVC Air Clean Manager® သည် လူရှိသောအခန်းတွင်ပင်လျှင် ၂၄ နာရီပတ်လုံး အသုံးပြုနိုင်ကာ ခရမ်းလွန်ရောင်ခြည်ကို အလျားလိုက် ထုတ်လွှတ်ပေးသောကြောင့် လူ့အသားအရေအား မထိစေဘဲ စိတ်ချရသည်။

■အခြားဗိုင်းရပ်စ် ဖယ်ရှားမှုလုပ်ဆောင်ချက်စမ်းသပ်ခြင်း
အပြာ：စမ်းသပ်သည့်စက်မလည်ပတ်နေသောအချိန်　အနီ：စမ်းသပ်သည့်စက်လည်ပတ်နေသောအချိန်




စမ်းသပ်သည့်အဖွဲ့အစည်း：IDEA ကုမ္ပဏီလီမိတက် စားသောက်ကုန်နှင့် ဘဝသိပ္ပံသုတေသနဌာန

●ဖယ်ရှားမှုလုပ်ဆောင်ချက်စမ်းသပ်ခြင်း ·45 မိနစ် လည်ပတ်ခြင်း▶ဘတ်တီးရီးယားမျိုးကွဲ 88%သေဆုံး၊ မှို 80.0%သေဆုံး (ကိုးကားချက်)




## UV-C ပိုးသတ်ခြင်း

### ခရမ်းလွန်ရောင်ခြည်ရှိ ထူးကဲသော ပိုးသတ်နိုင်စွမ်း

ခရမ်းလွန်ရောင်ခြည်ပိုးသတ်မှုလုပ်ဆောင်ချက်သည် လှိုင်းအလျား 253.7 nm(UV-C) ခန့်တွင် အပြင်းဆုံးဖြစ်ပြီး ထိုပိုးသတ်နိုင်စွမ်းသည် တိုက်ရိုက်နေရောင်ခြည်တွင် ပါဝင်သော လှိုင်းအလျား350 nm ၏ ခရမ်းလွန်ရောင်ခြည်ထက် အဆပေါင်း 1600 ထိရောက်ရှိသည်။
ဤစက်သည် ပိုးသတ်ခြင်းအကျိုးသက်ရောက်မှုမြင့်မားသည့် UV-Cမီးအိမ်ကို အသုံးပြုထားပြီး "မည်သည့်ဘက်တီးရီးယားပိုးအမျိုးအစား၊ ဗိုင်းရပ်ကို မဆို သက်ရောက်မှုရှိခြင်း(1※)" "ခံနိုင်ရည်ရှိသော ဘက်တီးရီးယားပိုးများကို မဖန်တီးခြင်း(※2)" "အခန်းအပူချိန်တွင် ပိုးသတ်ခြင်း" စသည့်ခရမ်းလွန်ရောင်ခြည်၏ထူးကဲသော ပိုးသတ်နိုင်စွမ်းရှိသည်။

※1:မျိုးရိုးဗီဇနှင့် DNA ရှိသောပိုးတိုင်းကို သေဆုံးစေသည်။
※2:ခရမ်းလွန်ရောင်ခြည်အား ခံနိုင်ရည်ရှိသော ဘက်တီးရီးယားပိုးများကို မဖန်တီးပါ။




## လုံခြုံစိတ်ချရသောဒီဇိုင်း

### အလျားလိုက် လေဝင်ပေါက်ဖွဲ့စည်းပုံအားဖြင့်လုံခြုံမှုရှိစေခြင်း

ခရမ်းလွန်ရောင်ခြည်များကိုအလျားလိုက်သာ ထုတ်လွှင့်ပေးရန် လေဝင်ပေါက်ဖွဲ့စည်းပုံကို အသုံးပြုထားသည်။
ထို့ကြောင့် လူ့ခန္ဓာကိုယ်ပေါ်သို့ ခရမ်းလွန်ရောင်ခြည် တိုက်ရိုက်ထိတွေ့ခြင်းမရှိပါ။
ထို့အပြင် ပိုးသတ်လေထု (2.1မီတာနှင့်အထက်) နှင့် လူနေလေထု (2.1 မီတာအောက်) ဟူ၍ ခွဲခြားထားသည့်အတွက် ပိုးသတ်ခြင်းကို 24 နာရီ တစ်နေ့ပတ်လုံး လုံခြုံစွာ လုပ်ဆောင်နိုင်သည်။




## အသုံးပြုရာတွင်ကုန်ကျစရိတ်လျှော့နည်းခြင်း

### ကြာရှည်ခံမှု၊ စွမ်းဆောင်ရည်မြင့်မားမှု၊ အခမဲ့ပြုပြင်ထိန်းသိမ်းမှု

**မီတာခ 5.1 ယန်းခန့် ( 24 နာရီ)**
●UVC Air Clean Manager® 1 ကီလိုဝပ်လျှင် 21.3 ယန်းဖြင့် စမ်းသပ်တွက်ချက်သည်

**မီးအိမ်သက်တမ်း**
6000 နာရီ ( 24 နာရီ)

ဂျပန်နိုင်ငံထုတ် ခရမ်းလွန်ရောင်ခြည်မီးအိမ်ကို အသုံးပြုထားသည်။
ခရမ်းလွန်ရောင်ခြည်ရောင်ပြန်များကို အထူးဒီဇိုင်းသုံးထားသည့်အတွက် လဲလှယ်ရန်မလိုပါ။

## ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာမှုလက်မှတ်ထုတ်ပေးခြင်း(အခပေးဝန်ဆောင်မှု)

### တပ်ဆင်သည့်ပတ်ဝန်းကျင်၏ ကျန်းမာရေးနှင့်ညီညွတ်သောအခြေအနေကို မြင်သာစေခြင်း

UVC Air Clean Manager® ၏ မတပ်ဆင်မီနှင့် တပ်ဆင်ပြီးနောက်တွင် ဘတ်တီးရီးယားပိုးလွင့်မျောမှု စစ်ဆေးခြင်းကို လုပ်ဆောင်နိုင်ပါသည်။(အခပေး※1)
လွင့်မျောနေသောဘက်တီးရီးယားပိုးများသည် သတ်မှတ်ထားသောအရေအတွက်အောက် ကျဆင်းပါက"လေထုပတ်ဝန်းကျင်အရည်အသွေးတိုင်းတာမှုပြီးဆုံးကြောင်းလက်မှတ်" ကို ထုတ်နိုင်သည်။ အခြားအဆောက်အအုံများနှင့်ကွဲပြားပြီး အဆောက်အအုံပတ်ဝန်းကျင်စီမံမှု PR တွင်လည်း အသုံးပြုနိုင်သည်။
※1　စစ်ဆေးရေးအဖွဲ့ အစည်းIDEAကုမ္ပဏီလီမိတက်]



# ရောဂါကူးစက်မှုလမ်းကြောင်း

## လွင့်စင်၍ကူးစက်ခြင်း

ကူးစက်ခံထားရသူ၏ချောင်းဆိုးခြင်းနှင့်နှာချေခြင်း တို့မှပျံ့နှံ့နိုင်သည်။လွင့်စင်မှုတွင်ပါဝင်သောဗိုင်းရပ်စ် သည် နှာခေါင်းနှင့်ပါးစပ်ရှိ အတွင်းသား ချွဲအမြှေးပါး များတွင်ကပ်နေခြင်းကြောင့်ကူးစက်သည်။

အအေးမိဗိုင်းရပ်စ်
တုပ်ကွေး
ကြက်ညှာရောဂါ
Mycoplasma
MERS
SARS

## လေထုထဲတွင်ကူးစက်ခြင်း

(လွင့်စင်လာသောပိုးမွှားများသည်လေထုထဲ တွင်ရှိနေကာကူးစက်စေခြင်း)

ကူးစက်ခံထားရသူ၏ ချောင်းဆိုးခြင်းနှင့်နှာချေခြင်း တို့မှ ပိုးမွှားများ လွင့်စင်လာပြီး လေထဲတွင်ခြောက် သွေ့ကာ လွင့်မျောသွားသည်။
ထိုလွင့်မျောနေသော ဗိုင်းရပ်စ်ကို ရှူရှိုက်မိရာမှ ရောဂါကူးစက်သည်။

ဝက်သက်ရောဂါ
ရေကျောက်ရောဂါ
တီဘီရောဂါ
နိုရိုဗိုင်းရပ်စ်(တုပ်ကွေး)

## ထိတွေ့ခြင်းဖြင့် ကူးစက်ခြင်း

●တိုက်ရိုက်ထိတွေ့ခြင်း
လက်စသည်တို့မှ ကူးစက်ခြင်း။ အရေပြား၊ ချွဲအမြှေးပါးနှင့် တိုက်ရိုက်ထိတွေ့ခြင်း။
●သွယ်ဝိုက်၍ထိတွေ့ခြင်း
တံခါးလက်ကိုင်၊ လက်ရန်းစသည့် ကူးစက်ခံထားရသူ၏အနီးအနားရှိ ညစ်ညမ်းသော ပတ်ဝန်းကျင်မှ ကူးစက်ခြင်း။

နိုရိုဗိုင်းရပ်စ်
ရိုတာဗိုင်းရပ်စ်
တုပ်ကွေး
အသည်းရောင်အသားဝါ ဘီပိုး ၊ စီပိုး
HIV
MRSA




## နိုရိုဗိုင်းရပ်စ်သည် အရေအတွက်နည်းလျှင်ပင် ကူးစက်နိုင်သည်!

လွင့်စင်လာသောပိုးမွှား(သေးငယ်သောအမှုန်) များသည် လေထုအတွင်းရောက်၍ကျယ်ပြန့်သောနေရာသို့ ပျံ့နှံ့ စေကာမှု ကူးစက်မှုနှုန်းမြင့်မားသည်။

**နိုရိုဗိုင်းရပ်စ် ရောဂါကူးစက်မှု လမ်းကြောင်း**

ဗိုင်းရပ်စ်၊ ဘက်တီးရီးယား မျိုးကွဲများပါဝင်သော လွင့်စင်လာသောပိုးမွှားများ




ထိတွေ့မှုစီမံချက်ဧရိယာ(တရားဝင်ဖြစ်ပြီး သေချာသော စံနှုန်းနှင့် အခြေခံလုပ်ဆောင်ချက်မှာ အရေးကြီးသည်)

လွင့်စင်မှုစီမံချက်ဧရိယာ

UVC Air Clean Manager®

လေထု(လွင့်စင်လာသောပိုးမွှား) စီမံချက်ဧရိယာ(ကူးစက်မှုထိန်းချုပ်ရေးစီမံချက်ရှိ အရေးကြီးဧရိယာ)

# အောက်ပါ စင်တာများတွင် အသုံးပြုရန် အကြံပြုလိုပါသည် !

## ပြုစုစောင့်ရှောက်ရေးစင်တာ

ကိုယ်ခံအားနည်းလာသည့်သက်ကြီးရွယ်အိုများ စုဝေးနေသည့်နေရာတွင် ရောဂါကူးစက်မှု အန္တရာယ်များကို လျှော့ချပေးသည်







## အစားအသောက်ထောက်ပံ့ရေးစင်တာ

အစာအဆိပ်သင့်ခြင်းအန္တရာယ်များကို ထိန်းချုပ်ပေးသည်



## ဆေးဝါးကုသရေးစင်တာ ・ ဆေးခန်း

ဆေးရုံအတွင်း ရောဂါကူးစက်မှုစီမံချက်အတွက် အမြဲတမ်းသန့်ရှင်းမှုရှိသော ပတ်ဝန်းကျင်ဖြစ်အောင် ထိန်းသိမ်းပေးသည်။




## နေ့ကလေးထိန်းကျောင်း ・ မူကြိုကျောင်း

ကိုယ်ခံအား မဖွံ့ဖြိုးသေးသောကလေးငယ်များအတွက် ရောဂါကူးစက်မှုအန္တရာယ် လျှော့ချပေးသည်



## ဆေးဆိုင်

အအေးမိခြင်းစသည်ကို ဖြစ်ပေါ်စေသည့် ဗိုင်းရပ်စ်ပိုး ကူးစက်မှုအန္တရာယ်ကို လျှော့ချပေးသည်။



## Call Center

လူများစွာစုဝေးနေသည့်နေရာတွင် ရောဂါကူးစက်မှုအန္တရာယ်ကို လျှော့ချပေးသည်။



# Q & A မကြာခဏမေးလေ့ရှိသည့် မေးခွန်းများ

## Q1

UVC Air Clean Manager® သည်လူ့ခန္ဓာကိုယ်အပေါ်တွင် အကျိုးသက်ရောက်မှုရှိပါသလား။

ခရမ်းလွန်ရောင်ခြည်များကို အလျားလိုက်သာ ထုတ်လွှတ်ရန် လေဝင်ပေါက်ဖွဲ့စည်းပုံကို အသုံးပြုထားသည့်အတွက် လူ့ခန္ဓာကိုယ်အပေါ်သို့ ခရမ်းလွန်ရောင်ခြည်ကို တိုက်ရိုက်မထိတွေ့စေဘဲ ဘေးကင်းလုံခြုံမှုရှိသည်။ ထို့ပြင် လူ့ခန္ဓာကိုယ်ကိုထိခိုက်မှုမရှိသည့် ozoneless မီးအိမ်များကိုအသုံးပြုထားပါသည်။ တပ်ဆင်သည့်အချိန် သို့မဟုတ် ပုံမှန်စစ်ဆေးသည့်အချိန်တွင် ခရမ်းလွန်ရောင်ခြည်တိုင်းတာရေးကိရိယာကို အသုံးပြုထားပြီး အစဉ်အမြဲ ဘေးကင်းလုံခြုံမှုရှိရန် စစ်ဆေးမှုများကို လုပ်ဆောင်လျက်ရှိပါသည်။

## Q2

ခရမ်းရောင်အလင်းကို မြင်နေရပါသည်။ အန္တရာယ်ကင်းပါသလား။

မြင်နေရသော ခရမ်းရောင်အလင်းမှာ မြင်နိုင်သောအလင်းတန်းဖြစ်ပြီး ခရမ်းလွန်ရောင်ခြည်မဟုတ်ပါ။ မြင်နိုင်သောအလင်းတန်းသည် ခရမ်းလွန်ရောင်ခြည်ထက်ပိုရှည်သောလှိုင်းအလျားရှိသောကြောင့် ပျံ့နှံ့နေသည့် မြင်နိုင်သောအလင်း (= ခရမ်းရောင်အလင်း) ကို မြင်ရခြင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်များကို အလျားလိုက်သာ ထုတ်လွှတ်ရန်ဒီဇိုင်းပြုလုပ်ထားပြီး စက်ကို တပ်ဆင်သည့်အချိန်နှင့် ပုံမှန်စစ်ဆေးသည့်အချိန်တွင် ခရမ်းလွန်ရောင်ခြည်တိုင်းတာရေးကိရိယာဖြင့် စက်တစ်ခုလုံး စနစ်တကျလည်ပတ်မှုရှိ၊ မရှိကို ဘေးကင်းလုံခြုံမှုရှိစေရန် စစ်ဆေးလျက်ရှိသည်။

## Q3

နံရံကိုထိ၍ ရောင်ပြန်ဟပ်သော ခရမ်းလွန်ရောင်ခြည်များသည် လူ့ခန္ဓာကိုယ်ကို ထိခိုက်မှုရှိနိုင်ပါသလား။

နံရံကိုထိသောခရမ်းလွန်ရောင်ခြည်များသည် ရောင်ပြန်ဟပ်ခြင်းလုံးဝမရှိပါ။ ထို့ပြင်ခရမ်းလွန်ရောင်ခြည်များသည် များသောအားဖြင့် နံရံသို့မရောက်မီ လျော့ပါးလာပါသည်။ ခရမ်းလွန်ရောင်ခြည်နှင့် ပတ်သက်၍ လုံခြုံမှုရှိစေရန်အတွက် ခရမ်းလွန်ရောင်ခြည်တိုင်းတာ ရေးကိရိယာကိုအသုံးပြု၍ ဘေးကင်းလုံခြုံမှုစီမံခန့်ခွဲခြင်းကို အထူးတင်းကြပ်စွာ လုပ်ဆောင်ထားပါသည်။

## Q4

ပိုးသတ်ခြင်းထိရောက်မှုကို သက်သေပြနိုင်သည့်အရာမျိုးရှိပါသလား။

UVC Air Clean Manager® ကို မတပ်ဆင်မီနှင့် တပ်ဆင်ပြီးနောက် ပျံ့နှံ့နေသော ဘက်တီးရီးယားပိုး အရေအတွက်ကို လေထုသန့်ရှင်းမှုအကဲဖြတ်စနစ်ဖြင့် နှိုင်းယှဉ်ခြင်းနှင့် အတည်ပြုစစ်ဆေးခြင်းကို လုပ်ဆောင်နိုင်သည်။ (အခပေးဝန်ဆောင်မှုဖြစ်သည်) ဘက်တီးရီးယားပိုးပျံ့နှံ့မှုအရေအတွက်သည် သတ်မှတ်ထားသောအရေအတွက်အောက်ကျဆင်းပါက "လေထုပတ်ဝန်းကျင်အရည်အသွေးတိုင်းတာမှုပြီးဆုံးကြောင်းလက်မှတ်" ကိုထုတ်ယူနိုင်သည်။ အခြားစက်ပစ္စည်းများနှင့်ကွဲပြားပြီး ကုမ္ပဏီတွင်းကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံချက် PR နှင့် ချိတ်ဆက်ပါက နာမည်ကောင်းရလျက်ရှိသည်။

## Q5

ခရမ်းလွန်ရောင်ခြည်မီးအိမ်၏ သက်တမ်းမှာ မည်မျှရှိသနည်း။

နာရီပေါင်း 6000 ခန့်ဖြစ်သည်။ မီတာခမှာ တစ်ရက်လုံးအသုံးပြုလျှင်ပင် 10 ယန်း အောက်သာ ကျသင့်မည်ဖြစ်သည်။ ပုံမှန်ခရမ်းလွန်ရောင်ခြည်မီးခွက်များထက် သက်တမ်းနှစ်ဆရှိသည့် ozoneless ခရမ်းလွန်ရောင်ခြည်မီးအိမ်ကိုအသုံးပြုထားပါသည်။

## Q6

မည်ကဲ့သို့ပြုပြင်ထိန်းသိမ်းရမည်နည်း။

စက်ပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းနှင့် ခရမ်းလွန်ရောင်ခြည်မီးအိမ်လဲလှယ်ခြင်း စသည်တို့ကို အရောင်းကိုယ်စားလှယ်ဆိုင်များမှ လုပ်ဆောင်ပေးပါမည်။ ခရမ်းလွန်ရောင်ခြည်မီးအိမ်၏သက်တမ်းကို ထည့်သွင်းစဉ်းစား၍ မီးအိမ်ကို ခြောက်လလျှင် တစ်ကြိမ်လောက်လဲလှယ်ရပါမည်။ ထို့ပြင် Filter ကိုအသုံးမပြုထားသည့်အတွက် သင့်အနေဖြင့်နေ့စဉ်စစ်ဆေးရန် မလိုအပ်ပါ။ အခြားပြုပြင်ထိန်းသိမ်းမှုနှင့်ပတ်သက်၍ မေးမြန်းစရာများ ရှိပါကလည်း လွတ်လပ်စွာ မေးမြန်းနိုင်ပါသည်။

## Q7

အိုဇုန်းဂျင်နရေတာနှင့် ဟိုက်ပိုကရိုရိုက်စ်ရေဖြန်းစက်တို့ မည်ကဲ့သို့ကွာခြားသနည်း။

အိုဇုန်းဂျင်နရေတာနှင့် ဟိုက်ပိုကရိုရိုက်စ်ရေမှုတ်စက် နှစ်ခုလုံးသည် ပြင်းအားမြင့်မားသလောက် ပိုးသတ်ခြင်းထိရောက်မှုမှာ မြင့်မားသော်လည်း ဘေးကင်းလုံခြုံစေရန် လူများနေထိုင်ရာပတ်ဝန်းကျင်တွင် အသုံးမပြုနိုင်သည့် အခြေအနေမျိုးရှိပါသည်။ UVC Air Clean Manager® သည် လူများနေထိုင်ရာပတ်ဝန်းကျင်တွင် ဘေးအန္တရာယ်ကင်းစွာအသုံးပြုနိုင်သည်။



ကျောဘက်

## 《အသေးစိတ်ဖော်ပြချက်များ》

| မော်ဒယ် | UVC-20 |
|---|---|
| တပ်ဆင်နိုင်သည့်နေရာ | နံရံနှင့် မျက်နှာကျက် |
| တပ်ဆင်မှုလမ်းညွှန် | 20-50㎡ |
| စံနှုန်းမီ မီးခွက် | 10W |
| ပါဝါစွမ်းအင် | AC206.8V～233.2V　50Hz (Glow type) |
| အပြင်ဘက်အရွယ်အစား | W450xD200xH120 ခန့် |
| အလေးချိန် | 3.5kg ခန့် |

※ကုန်ပစ္စည်းစံနှုန်းနှင့် အသေးစိတ်အချက်အလက်များကို တိုးတက်ကောင်းမွန်ရေး အတွက် ကြိုတင်အသိပေးခြင်း မရှိဘဲ ပြောင်းလဲနိုင်သည့် အခြေအနေမျိုးလည်းရှိပါသည်။

## 《ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်မှုများ》

●အလင်းရောင်စဉ်အတွင်းရှိ မီးအိမ်ကို ပကတိမျက်စိဖြင့် လုံးဝတိုက်ရိုက်မကြည့်ပါနှင့်။ (မျက်စိနာခြင်း / အမြင်အာရုံချို့ယွင်းခြင်းကိုဖြစ်စေနိုင်သည်)
●အရေပြားကို ခရမ်းလွန်ရောင်ခြည် (ပိုးသတ်ရောင်ခြည်) ဖြင့် တိုက်ရိုက်ဖြစ်စေ၊ သို့မဟုတ် သွယ်ဝိုက်ဖြစ်စေ မထိတွေ့ပါနှင့်။ (အရေပြားရောင်ရမ်းခြင်းနှင့် နေလောင်ခြင်းကို ဖြစ်စေနိုင်သည်။)
●Aတပ်ဆင်ခြင်း၊ ဖယ်ရှားခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ချိန်တွင် ပါဝါစွမ်းအင်ကို သေချာစွာပိတ်ထားပါ။ (ဓာတ်လိုက်ခြင်း၊ မျက်လုံးနာခြင်း၊ အမြင်အာရုံချွတ်ယွင်းခြင်းနှင့် အရေပြားရောင်ရမ်းခြင်းများကို ဖြစ်စေနိုင်သည်)
●ခရမ်းလွန်ရောင်ခြည်များသည် ပြင်းထန်သောပိုးသတ်နိုင်စွမ်းရှိပြီး တင်းကြပ်သော စီမံခန့်ခွဲမှုစနစ်ကို လိုအပ်သည်။ တပ်ဆင်ခြင်း၊ နေရာပြောင်းရွှေ့ခြင်း၊ မီးအိမ်လဲလှယ်ခြင်း၊ စက်ဖြုတ်ခြင်း၊ ပြုပြင်ခြင်းများကို တရားဝင်ထောက်ခံချက်ရကုမ္ပဏီမှ ဆောင်ရွက်မည်ဖြစ်သောကြောင့် ဝယ်ယူသည့်နေရာသို့ အကူအညီတောင်းနိုင်ပါသည်။




■"UVC Air Clean Manager®" သည် COMRACK ကုမ္ပဏီလီမိတက်မှ မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ်ဖြစ်သည်။

COMRACK
株式会社 コムラック
http://www.comrack.co.jp

〔ရုံးချုပ်〕 7 Kamihikona, Misato-shi, Saitama-ken 341-0004 TEL 048-950-6600 (ကိုယ်စားလှယ်)
〔အရောင်းဌာန〕 Hayashi Seimitsu Bldg. 2F, 2-5-1 Kajicho, Chiyoda-ku, Tokyo 101-0044
ဖုန်း 03-5298-6185 (ကိုယ်စားလှယ်) FAX 03-5298-6186